# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

December 18 , 2023 Volume 73, Number 11

၁၈.၁၂.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၀၂၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၅၀၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၀.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၀.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၆.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၀.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၆၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၉၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၉.၆၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၃၅၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာအစိုးရအသိအမှတ်ပြု Myanmar GDE Consortium တည်ထောင်ရန်အတွက် စိစစ်ရွေးချယ်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကျင်းပ



ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မြန်မာအစိုးရအသိအမှတ်ပြု Myanmar GDE Consortium တည်ထောင်ရန်အတွက် စိစစ်ရွေးချယ်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်၍ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အထူးစီးပွားရေးဇုန်များသည် မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ အရေးပါကြောင်း၊ အလားတူ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးသည် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးကြီးသည်ကို အားလုံးနားလည်သဘောပေါက်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် မြန်မာနိုင်ငံမှ လုပ်ငန်းအတွေ့အကြုံများရှိပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်နိုင်မည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကိုပါ ဖိတ်ခေါ်၍ စီမံကိန်းကုမ္ပဏီဖြင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

Myanmar GDE Consortium ဖွဲ့စည်းရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာကို နိုင်ငံပိုင် သတင်းစာများဖြစ်သည့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ကြောင်း၊ အစည်းအဝေးတက်ရောက်သူများမှ လျှောက်ထားလာသည့် မြန်မာကုမ္ပဏီများ၏ အဆိုပြုလျှောက်လွှာများ စိစစ်ရွေးချယ်ရေးလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများအလိုက် မူဝါဒလုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အစည်းအဝေးသို့ ဌာနဆိုင်ရာအသီးသီးမှ စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/

## လက်ရှိဘဏ္ဍာနှစ် ဒီဇင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံမှ ပို့ကုန်အများဆုံးတင်ပို့သည့် ၁၀ နိုင်ငံစာရင်း၌ ထိုင်း၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အမေရိကန်၊ ဂျာမနီ၊ စပိန်၊ ပိုလန်၊ တောင်ကိုရီးယား၊ ဗြိတိန်တို့ အစဉ်လိုက်ရပ်တည်

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒီဇင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံမှ ပို့ကုန်အများဆုံး တင်ပို့သည့် ၁၀ နိုင်ငံစာရင်းတွင် ထိုင်း၊ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အမေရိကန်၊ ဂျာမနီ၊ စပိန်၊ ပိုလန်၊ တောင်ကိုရီးယား၊ ဗြိတိန်တို့အစဉ်လိုက်ရပ်တည်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက် မှ ဒီဇင်ဘာ ၁ ရက်အထိ ပို့ကုန်အများဆုံး တင်ပို့သည့် ၁၀ နိုင်ငံစာရင်းတွင် နိုင်ငံအလိုက် ပို့ကုန်တင်ပို့မှုအနေဖြင့် ထိုင်းနိုင်ငံသို့ ဒေါ်လာ ၂,၄၇၂ ဒသမ ၈၆၆ သန်း၊ တရုတ်နိုင်ငံသို့ ဒေါ်လာ ၁,၉၃၁ ဒသမ ၂၃၈ သန်း၊ ဂျပန်နိုင်ငံသို့ဒေါ်လာ ၇၈၄ ဒသမ ၇၀၃ သန်း၊ အိန္ဒိယနိုင်ငံသို့ဒေါ်လာ ၅၇၂ ဒသမ ၁၀၇ သန်း၊ အမေရိကန်နိုင်ငံသို့ဒေါ်လာ ၄၁၂ ဒသမ ၆၇၅ သန်း၊ ဂျာမနီနိုင်ငံသို့ဒေါ်လာ ၃၅၆ ဒသမ ၃၀၁ သန်း၊ စပိန်နိုင်ငံသို့ဒေါ်လာ ၃၂၁ ဒသမ ၄၁၂ သန်း၊ ပိုလန်နိုင်ငံသို့ဒေါ်လာ ၃၁၆ ဒသမ ၈၀၆ သန်း၊ တောင်ကိုရီးယားနိုင်ငံသို့ဒေါ်လာ ၂၆၁ ဒသမ ၄၅၇ သန်း၊ ဗြိတိန်နိုင်ငံသို့ဒေါ်လာ ၂၂၂ ဒသမ ၈၉၀ သန်း တင်ပို့ထားကြောင်း ဖော်ပြထားသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း ၁၁ မျိုးအနက် စားအုန်းဆီတင်သွင်းမှုဒေါ်လာ ၂၄၅ သန်းကျော်၊ ခတ်မြေဩဇာ ၃၂၉ သန်း တင်သွင်းခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ကိုးကားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း ၁၁ မျိုးအနက် လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေမှာ စားအုန်းဆီတန်ချိန် ၂,၄၃,၈၇၄ တင်သွင်းမှုမှ တန်ဖိုးဒေါ်လာ ၂၄၅ ဒသမ ၅၁ သန်း၊ ခတ်မြေဩဇာတန်ချိန် ၈,၄၉,၆၇၀ တန်တင်သွင်းမှုမှ ဒေါ်လာ ၃၂၉ ဒသမ ၃၉သန်း၊ ဂျုံစေ့တန်ချိန် ၁,၅၃,၁၃၉ တန်တင်သွင်းမှုမှ တန်ဖိုးဒေါ်လာ ၆၅ ဒသမ ၂၂ သန်းနှင့် ဂျုံမှုန့်တန်ချိန် ၆၃၆ တင်သွင်းမှုမှ ဒေါ်လာ သုည ဒသမ ၃၆ သန်း ပါဝင်သည်။

အခြားတင်သွင်းကုန်များဖြစ်သည့် နို့ဆီမှာ တန်ချိန် ၈၁၄၁ တင်သွင်းမှုမှ ဒေါ်လာ ၁၁ ဒသမ ၃၂ သန်း၊ နို့စိမ်းမှာ တန်ချိန် ၈၆၃၂ တင်သွင်းမှုမှ ဒေါ်လာ ၁၂ ဒသမ ၈၃ သန်းနှင့် နို့မှုန့်တန်ချိန် ၄,၁၄၂ တင်သွင်းမှုမှ ဒေါ်လာ ၁၂ ဒသမ ၁၉ သန်းစီ ပါရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ကိန်းဂဏာန်းအချက်အလက်များအရ ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ မြေဩဇာတင်သွင်းမှု စုစုပေါင်း ၈,၁၉,၈၁၀ တန် တင်သွင်းခဲ့သည်။ အဆိုပါ တင်သွင်းမှုတွင် နိုက်ထရိုဂျင် ၄,၉၅,၃၇၆ တန်၊ ဖော့စဖိတ် ၂၉,၅၃၆တန်၊ ပိုတက်စီယမ် ၂၇,၂၃၀ တန်၊ ကွန်ပေါင်း ၂,၅၇,၁၇၃ တန်၊ ဖော်လာ ၄၄၆ တန်၊ အော်ဂဲနစ် ၁,၅၆၇ တန်၊ ဂျစ်ပဆန် ၉၆၄ တန်နှင့် အခြားမြေဩဇာ စုစုပေါင်း ၇,၅၁၈ တန်အသီးသီးပါဝင်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/285649

## လပွတ္တာမြို့နယ်တွင် ဒေသထွက်ငါးစည်ဖောင်းခြောက်များ ပြည်တွင်းဈေးကွက်၌ အရောင်းအဝယ်ကောင်းနေ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ဒေသထွက် ငါးစည်ဖောင်းခြောက်များ ပြည်တွင်းဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေကြောင်း လပွတ္တာမြို့နယ် ငါးခြောက်နှင့်ငါးစည်ဖောင်းခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်အေးသင်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှထွက်ရှိသော ငါးစည်ဖောင်းခြောက်များကို ပြည်တွင်းစားသောက်ဆိုင်များနှင့် ဟိုတယ်များက ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ ဝယ်ယူမှုကောင်းနေခြင်းကြောင့် အရောင်းသွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ငါးစည်ဖောင်းခြောက်များကို ပင်လယ်ငါးများဖြစ်သည့် ငါးရွှေ၊ ငါးရောင်၊ ငါးပုတ်သင် စသည့်ငါးများကို ဝမ်းဗိုက်ခွဲပြီး အတွင်းမှရရှိသည့် စည်ဖောင်းများကို စနစ်တကျ သန့်စင်နေပူလှန်း အခြောက်ခံကာ ရရှိခြင်းဖြစ်ကြောင်း သိရသည်။

"အခုလပွတ္တာမြို့နယ်ကထွက်တဲ့ ပင်လယ်ငါးစည်ဖောင်းခြောက်ဈေးကွက်က ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ပြည်တွင်းဈေးကွက်မှာ သိသိသာသာဝယ်ယူမှုကောင်းနေပါတယ်။ စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေမှာ စားသုံးသူများတော့ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ်အတော်ကို သွက်နေတာဖြစ်ပါတယ်။ ဒေသထွက်ငါးစည်ဖောင်းက အထွက်ကတော့ နည်းနေပါသေးတယ်။ ဒေသထွက် ငါးစည်ဖောင်းခြောက်တွေကို ပြည်တွင်းဈေးကွက် ရန်ကုန်သို့ အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်" ဟု လပွတ္တာမြို့နယ် ငါးစည်ဖာင်းခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်အေးသင်းကပြောပြသည်။

လပွတ္တာမြို့နယ်တွင် အရောင်းသွက်နေသည့် ငါးစည်ဖောင်းခြောက် တစ်ပိဿာဈေးနှုန်းသည် ငါးရွှေငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅,၀၀၀၊ ငါးရောင်ငါးစည်ဖောင်းခြောက်တစ်ပိဿာလျှင် ငွေကျပ် ၃၂,၅၀၀ မှ ၃၅,၀၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက်တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဘိုကလေးမြို့နယ်မှ ဒေသထွက်ကဏန်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ဖြစ်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ဒေသထွက်ကဏန်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်အေးအေးကပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ဒေသထွက်ကဏန်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဒီဇင်ဘာလ ပထမပတ်မှစ၍ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ လက်ရှိ ငါးရက်လျှင် တစ်ကြိမ်သန့်စင်ပြီး ကဏန်းပိဿာချိန် ၅၀၀ မှ ၁၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်းသိရသည်။ "ဘိုကလေးမြို့နယ်ကနေ ကဏန်းအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ကနေတစ်ဆင့် အခြားဒေသတွေကို ပြန်လည်တင်ပို့ပါတယ်။ လက်ရှိကဏန်းက ပြည်တွင်းဈေးကွက်မှာ အဝယ်လိုက်နေလို့ အရောင်းအဝယ်ဖြစ်လာပါတယ်။ အခုလိုအရောင်းအဝယ်ဖြစ်လာတော့ မွေးမြူရေးလုပ်ငန်းရှင်တွေ၊ မွေးမြူရေးလုပ်သားတွေ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပိုင်ရှင်တွေ၊ ကုန်တင်ယာဉ်အငှားလိုက်သူတွေ၊ ကုန်တင်ကုန်ချ လုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာပါတယ်" ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပိုင်ရှင် ဒေါ်အေးအေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ တင်ပို့ရောင်းချသည့် ကဏန်းများကို ရန်ကုန်မြို့မှတစ်ဆင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံ တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဒေသထွက်ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၆၅၀၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မန္တလေးဈေးကွက်ထဲ နှမ်းနက်များ အရောင်းအဝယ်ကောင်း



မန္တလေးဈေးကွက်အတွင်း နှမ်းနက်များ ဝင်ရောက်လာပြီး အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံ ပိုင်ရှင် ဦးစိုးဝင်းမြင့်၏ ပြောပြချက်အရသိရသည်။

မန္တလေးဈေးကွက်အတွင်း ရွှေဘို၊ ဝက်လက်၊ ရေဦး၊ ဇီးကုန်း၊ ကျွန်းလှနယ်တို့မှ ထွက်ရှိသည့် နှမ်းနက်များ ဝင်ရောက်လာပြီး လက်ရှိတွင် ဈေးကွက်အတွင်း နှမ်းနက်သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃,၄၀,၀၀၀ ဖြင့် အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

“ဒီရက်ပိုင်းမှာ မန္တလေးဈေးကွက်ကို နှမ်းနက်အပြင် နှမ်းဖြူတွေပါ ဝင်ရောက်လာပြီး အရောင်းအဝယ်တွေ ကောင်းနေပါတယ်။ နှမ်းနက်ကလည်း ပြည်ပပို့ကုန်အနေနဲ့ ပို့ခွင့်ရထားပါတယ်။ ဒီနှစ်မှာ အထွက်နှုန်းလည်း ကောင်းမွန်တာကို တွေ့ရပါတယ်”ဟု ပွဲရုံပိုင်ရှင်က ပြောသည်။

ထို့ပြင် ယခုရက်ပိုင်း မန္တလေးဈေးကွက်အတွင်း တရုတ်ဝယ်လက်များ၏ ဝယ်ယူမှုများရှိနေတာကြောင့် အရောင်းအဝယ်တွေ ကောင်းမွန်လျက်ရှိပြီး နှမ်းဖြူကလည်း ဈေးကွက်အတွင်းမှာ အရောင်းအဝယ်တွေကောင်းနေကာ ယခုနှစ်အတွင်း နှမ်းသီးနှံများ အရောင်း အဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

ယခုနှစ်အတွင်း နှမ်းသီးနှံကို နယ်မြေဒေသအသီးသီးတွင် တိုးချဲ့စိုက်ပျိုးလာကြပြီး ထွက်ရှိလာသည့် နှမ်းသီးစုစုပေါင်း၏ ၉၅ ရာခိုင်နှုန်းက ပြည်ပသို့တင်ပို့လျက်ရှိကာ အဓိကအနေဖြင့် တရုတ်ဈေးကွက်သို့ ပို့ဆောင်ရောင်းချနေရကြောင်း သိရသည်။

နှမ်းသီးနှံကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြပြီး နှမ်းနက်ကို သီးထပ်အဖြစ် ရာသီမရွေးစိုက်ပျိုးနိုင်ကာ ရက် ၁၀၀ အတွင်း ပေါ်ထွက်လေ့ရှိသော သီးနှံဖြစ်ကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=141826

## ရွှေရည်ညွှန်းဈေး မြင့်တက်လာ

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည့် ရွှေရည်ညွှန်းဈေးမှာ ဒီဇင်ဘာ ဒုတိယပတ်အတွင်း ဆက်တိုက်မြင့်တက်လာပြီး တစ်ကျပ်သားလျှင် ကျပ် ၃၆ သိန်းကျော်အထိ ဈေးမြင့်တက်နေကြောင်း သိရသည်။

ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင်ထုတ်ပြန်သည့် အခေါက်ရွှေရည်ညွှန်းဈေးမှာ တစ်ကျပ်သားလျှင် ကျပ် ၃၆,၅၂,၁၀၀ ဖြစ်ပြီး ဈေးမြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပဈေးကွက်တွင် ၁၆ ပဲရည်(အကယ်ဒမီ) အခေါက်ရွှေဈေး တစ်ကျပ်သားလျှင် ကျပ် ၃၇,၁၀,၀၀၀ ဝန်းကျင်ဖြင့် ဈေးမြင့်တက်နေကြောင်း သိရသည်။ ယင်းသို့ ပြင်ပဈေးကွက်တွင်ဖွင့်လှစ်သည့် ရွှေဈေးနီးပါး ရည်ညွှန်းဈေးမြင့်တက်လာရခြင်းမှာ အေဒီလိုင်စင်ရဘဏ်များကြားရောင်းသည့် ဒေါ်လာဈေးဖြင့်တွက်ချက်ကာ ဈေးသတ်မှတ်ခြင်းဖြစ်ကြောင်း သိရသည်။

ရွှေရည်ညွှန်းဈေးမြင့်တက်လာခဲ့သော်လည်း ပြည်တွင်းဈေးကွက်တွင် ရွှေဈေးအနည်းငယ်တည်ငြိမ်နေပြီး အရောင်းအဝယ် အေးနေကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးမှာမူ တစ်ထရိုင်အောင်စလျှင် ဒီဇင်ဘာ ၁၆ ရက် ဈေးကွက်ပိတ်ချိန် ဒေါ်လာ ၂,၀၂၀ တွင် ရှိနေသည်။

နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များအနေဖြင့် နိုင်ငံခြားငွေကြေးဈေးကွက် (Online Trading) တွင် အရောင်းအဝယ်ပြုလုပ်ရာ၌ ငွေလဲလှယ်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှသတ်မှတ်ပေးမည်

မပတ်ဘဲ ဈေးကွက်အတွင်း နိုင်ငံခြားငွေရောင်းချလိုသူနှင့် ဝယ်ယူလိုသူတို့က တင်သွင်းသော ငွေလဲလှယ်နှုန်းအပေါ် မူတည်၍ဈေးကွက်ပေါက်ဈေး Market rate အတိုင်း လွတ်လပ်စွာဆောင်ရွက်ခွင့်ပြုမည်ဟု သတင်းထုတ်ပြန်ခဲ့ပြီးနောက် အခေါက်ရွှေနှင့်ဒေါ်လာဈေးကွက် လှုပ်ခတ်လာခြင်းဖြစ်သည်။

**Source:** https://t.me/sdtimedaily

## ထိုင်းနိုင်ငံတွင် ရေပန်းစားလာသော ဂျပန်ငါးလုပ်ငန်း

လူဦးရေကျဆင်းမှုနှင့် ပြည်တွင်းဈေးကွက် ဝယ်လိုအားကျဆင်းလာမှုတို့ကြောင့် အရှေ့တောင်အာရှနိုင်ငံများတွင် အခြေချရန်ကြိုးပမ်းနေသော ဂျပန်ငါးလုပ်ငန်းသည် ထိုင်းနိုင်ငံတွင် နာမည်ရနေပြီဖြစ်သည်။ ငါးအစိမ်းနှင့်ဆူရှီ လက်လီ/လက်ကားရောင်းချသည့် ဂျပန်ကုမ္ပဏီ Uoriki က ဘန်ကောက်၊ ချင်းမိုင်အပါအဝင် ထိုင်းနိုင်ငံ၏ မြို့ကြီး ၄ မြို့တွင် ဆိုင်များ ဖွင့်လှစ်ရောင်းချနေပြီး ဂုံး ဆာရှိမိ၊ ဆူရှီမျိုးစုံ၊ မျက်ဆံနီရွှေငါး (kinmedai)၊ Tachiuo ငါးတို့မှာ လူကြိုက်များကြောင်း သိရှိရပါသည်။

Uoriki သည် ထိုင်း စီပီအုပ်စု (CP Group) နှင့် ဖက်စပ်ထူထောင်ကာ လာမည့်နှစ်တွင် ထိုင်းနိုင်ငံအတွင်း ငါးအစိမ်းနှင့် ပင်လယ်စာဆိုင်ခွဲ ၁၀ ဆိုင်နှင့် ငါးနှစ်အတွင်းဆိုင်ခွဲပေါင်း ၁၀၀ ကျော်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီဥက္ကဋ္ဌ Masayuki Yamada ကပြောကြားခဲ့သည်။

လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာနအဆိုအရ ဂျပန်နိုင်ငံမှထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့မှု သည် ၂၀၂၂ ခုနှစ်အတွင်း ယန်း ၂၃ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၅၈ သန်း) ရှိကြောင်း၊ အဆိုပါပမာဏသည် ပြီးခဲ့သည့်နှစ်ကထက် ၁၄ ဒသမ ၆ ရာခိုင်နှုန်း ပိုမိုတိုးတက်လာခြင်းဖြစ်ပြီး၊ ဂျပန်မှတရုတ်သို့ တင်ပို့မှုစုစုပေါင်း၏ ၂၇ ရာခိုင်နှုန်း ခန့်သာရှိကြောင်း၊ အမေရိကန်နှင့်ထိုင်ဝမ်တို့သို့ တင်ပို့မှုပမာဏထက်လည်း လျော့နည်းကြောင်း ဖော်ပြထားပါသည်။

ထိုင်းလူမျိုးများသည် ပြီးခဲ့သည့် ဆယ်စုနှစ် ၂ ခုလောက်မှစ၍ ဂျပန်အစားအစာများကို ပိုမိုနှစ်သက်လာပြီး ၂၀၀၇ ခုနှစ်က ထိုင်းတွင် ဂျပန်စားသောက်ဆိုင် ၇၄၅ ဆိုင်ရှိရာမှ ၂၀၂၂ ခုနှစ်တွင် ၅၃၂၅ ဆိုင်သို့ တိုးတက်ခဲ့ကြောင်း ဘန်ကောက်ရှိ ဂျပန် ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (Japan External Trade Organization – JETRO) ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

ဂျပန်မြောက်ပိုင်း Aomori နယ်မှ ဆယ်လမွန်ငါးအသားလွှာနှင့်ဆာရှိမိများကို လူကြိုက်များကြပြီး ဂျပန်ဆယ်လမွန် ငါးမွေးကန်များသည် ယခုနှစ်တွင် တန်ပေါင်း ၁၆၀၀ ထုတ်လုပ်ရာမှ နောင်နှစ်တွင် တန် ၃၀၀၀ ထုတ်လုပ်ရန် ရည်မှန်းထား သည်။

Okamura စားသောက်ကုန်လုပ်ငန်း ဥက္ကဋ္ဌဖြစ်သူ Koichi Okamura က ငါးလုပ်ငန်းသည် ဂျပန်နိုင်ငံတွင် ကျဆင်းနေ သော်လည်း ကမ္ဘာနှင့်အဝှမ်းတိုးတက်နေကြောင်း၊ မိမိတို့အနေဖြင့် ဂျပန်ငါးလုပ်ငန်း ပြန်လည်ရှင်သန်လာအောင် ကြိုးပမ်း သွားမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းကို အရှေ့တောင်အာရှနိုင်ငံများရှိ စားသောက်ဆိုင်များ၊ လက်လီဆိုင် များတွင် အဓိကရောင်းချရန် ရည်မှန်းထားကြောင်း ပြောကြားခဲ့သည်။

တိုကျိုတက္ကသိုလ်၊ အဏ္ဏဝါသိပ္ပံနှင့်နည်းပညာဌာနမှ ပါမောက္ခ Naotomo Nakahara က အရှေ့တောင်အာရှတွင် စီးပွားရေးတိုးတက်လာသည်နှင့်အမျှ ဂျပန်ငါးအစိမ်းများအပေါ် စားသုံးသူများ ပိုမိုကြိုက်နှစ်သက်လာပြီး ဝယ်လိုအားနှင့် ကွဲပြားသောလိုအင်များ တိုးတက်လာမည်ဖြစ်ကြောင်း၊ အစားအသောက်များကို လတ်ဆတ်စေမည့် အအေးခန်းသယ်ယူ ပို့ဆောင်ရေးနည်းလမ်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Source : Nikkei Asia News Agency**

https://www.commerce.gov.mm/my/article/update-news-international-trade/%

## STOCK EXCHANGE (18.12.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Dec. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,893 (Shares) | 10,706,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +100 | +1.15% | 8,600 | 8,800 | 8,600 | 200 | 1,730,000 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,850 | 2,900 | 2,850 | 808 | 2,306,150 | 38,929,150 | 112,895 |
| MCB | 00003 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 10 | 76,000 | 10,400,986 | 79,048 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 1,337 | 2,206,050 | 29,664,613 | 48,947 |
| TMH | 00005 | 2,450 | +50 | +2.08% | 2,450 | 2,450 | 2,450 | 11 | 26,950 | 12,823,224 | 31,417 |
| EFR | 00006 | 2,000 | +0 | +0.00% | 1,900 | 2,000 | 1,900 | 594 | 1,158,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,600 | 4,800 | 4,600 | 4 | 18,800 | 10,497,598 | 50,389 |
| MAEX | 00008 | 1,650 | +0 | +0.00% | 1,700 | 1,700 | 1,650 | 1,929 | 3,184,300 | 23,804,946 | 39,278 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 18th Dec. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.56 | +3.12 | +0.86% | 363.31 | 367.56 | 360.85 | 4,893 | 10,706,250 | 8 | 693,294 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 18th Dec. 2023

| Trading Volume | Trading Value |
|---|---|
| 4,893 (Shares) | 10,706,250 (MMK) |

### Main Board

As of 1:00 pm, 18th Dec. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,893 (Shares) | 10,706,250 (MMK) |

| MYANPIX | 367.56 ▲ 3.12 |
|---|---|
| Total Volume (shares) | 4,893 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 693,294 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,600 | ▲ 0 |
| FPB | 00004 | 1,650 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 50 |
| EFR | 00006 | 2,000 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,650 | ▲ 0 |

TIR